ထုချေ က၊ <htu' gyei>【律】答辩,辩解,申诉: ရှေ့နေကတရားခံအစား ~ သည်။ 律师代被告提出申诉。

ထုချေချက် န၊ <htu' gyei gyet> (被告的)答辩,申辩

ထုချေလွှာ န၊ <htu' gyei hlwa> 申辩书

ထုခြေ က၊ <htu' khyei> 捣碎,捣烂

ထုခွဲ က၊ <htu' khwe:> ①敲碎 ②变卖: လက်ဝတ်လက်စားများကို ~ ရောင်းချသည်။ 变卖首饰。

ထုချွန် န၊ <du' gyun>【数】锥体: ~ မှန် 正锥体

ထုစက်လုံး န၊ <du' set lon:> 球体

ထုတိ န၊ <htu' ti'> 〔巴〕颂,颂辞: ~ မင်္ဂလာစကား 颂辞

ထုတေ က၊ <htu' tei> 锤打,锻

ထုတက် က၊ <du' tet> (冰雪、尘土等)愈积愈厚: အမှိုက်သရိုက်တွေစွန့်ပစ်ထားသည်မှာတနေ့တခြား ~ လာ၏။ 倒的垃圾愈积愈多。

ထုထောင့် န၊ <du' daun'>【数】立体角

ထုထောင်း က၊ <htu' htaun:> 捣碎,捶打: လက်သီးနဲ့ ~ တယ်။ 用拳头捶。

ထုထည် န၊ <du' de> ①厚度;规模: နှင်းခဲရေခဲများ ~ ကြီးမားစွာပြိုကျလာသည်။ 发生大面积雪崩。/ စာမတတ်သေးသူတို့၏ ~ မှာကြီးမားနေဆဲဖြစ်သည်။ 文盲仍然很多。②【数】体积: ထိုအန်ဇာတုံးသည် ~ ၁ကုဗလက်မရှိသည်။ 该正方体的体积是一立方英寸。

ထုထည်ပွကိန်း န၊ <du' de pwa' gein:> 体积膨胀系数

ထုထွင်း က၊ <htu' htwin:> 雕刻

ထုနှက် က၊ <htu' hnet> 捶打,敲打

ထုပိကာ န၊ <htu' pi' ka> 〔巴〕四棱形饰物,佛塔等建筑物顶上的尖端部分,又分成 တင်း၊ ငှက်ပျောဖူး၊ ကြက်သွန်ခေါင်း 等部分(参见 ပြာသာဒ်ထွတ် 图)

ထုပုံ န၊ <du' pon>【数】立体

ထုရိုက် က၊ <htu' yait> 捶打

ထုလုံးရှည် န၊ <du' lon: shei>【数】圆柱体

ထုလုပ် က၊ <htu' lout> 雕刻

ထုသားပေသားရ က၊ <htu' dha: pei dha: ya'> ①饱经风霜,久经锻炼 ②有丰富经验,阅历丰富,同义词有: ထုသားတေသားကျ၊ ထုသားတေသားရ၊ ထုသားပေသားကျ 等

ထုအင် န၊ <du' in> (罕)大量的东西

ထူ I က၊ <htu> ①扶起: ပခုံးကိုပွေ့ပြီး ~ လိုက်သည်။ 抱着两肩扶起来。②升(旗),举起;抬(头);竖起: အလံ ~ သည်။ 升旗或举着旗子。/ ခေါင်းတောင်မ ~ နိုင်တော့ပေ။ 连头也抬不起来了。/ တိုင် ~ သည်။ 竖起柱子。③成家: အိမ်ထောင်သစ် ~ သည်။ 建立新家庭。/ တပင်လဲတပင် ~ ။ (成)丈夫死了总要再嫁,妻子死了总要续弦。④提出(证据): သက်သေ ~ သည်။ 提出证据。II နဝ၊ <htu> ①厚: အထု ~ သောမြေကြီး 厚厚的土层 / အင်္ကျီ ~ သည်။ 衣服厚。/ မျက်မှန် ~ သည်။ 眼镜度数大。②稠密,浓: ဆံပင်မ ~ မပါးရှိ၏။ 头发不多也不少。/ သစ်တောအလွန် ~ သည်။ 森林茂密。/ မြူ ~ သည်။ 雾大。/ မျက်ခုံးမွေး ~ ~ နဲ့လူတယောက် 一个眉毛浓浓的人 ③多: စစ်တပ်ကချထားသော အစောင့်အကြပ်များသည် သင်္ဘောဆိပ်တွင်ပို ~ သည်။ 码头上岗哨更多。/ ရောဂါ ~ သည်။ 病多。/ ကြွေးတဖြည်းဖြည်း ~ လာသည်။ 负债渐多。/ အမေးအမြန်း ~ သည့်ကလေး 好问的小孩 / အပျင်း ~ သည်။ 懒。④羞怯,羞涩: တကိုယ်လုံး ~ ကနဲဖြစ်သွားသည်။ 全身紧张羞怯难当。⑤笨,迟钝: ဒီလူသိပ် ~ တယ်။ 这个人特别迟钝。

ထူထူထထ ကဝ၊ <htu du hta' da'> 显得精神起来,抖擞精神,振作精神: တလောကတုန်းကတော့်တော့်ကိုနေမကောင်းဖြစ်ပေမဲ့ခုတော့ ~ ဖြစ်နေပါပြီ။ 虽然前一段时期身体很不好,现在身体却好了。/ပြည်သူတရပ်လုံး ~ တက်တက်ကြွကြွအလုပ်လုပ်ကြမှဖြစ်မယ်။ 全国人民必须振奋精神努力工作才行。

ထူထူထောင်ထောင် ကဝ၊ <htu du htaun daun> 病情好转,能够活动;舒展挺拔: လူမမာမှာ ~ ဖြစ်လာသည်။ 病人病情开始好转能够活动了。/ မိုးတဖြိုက်နှစ်ဖြိုက်ရွာလိုက်သဖြင့်မြက်ပင်ကလေးများ ~ ဖြစ်လာကြသည်။ 下了一阵雨,小草儿支支棱棱地挺立起来了。

ထူထဲ နဝ၊ <htu de:> 浓浓的,厚实的,浓密的: အမွေးများ ~ လှ၏။ 毛长得浓密。/ အဝတ် ~ ခိုင်ခံ့သည်။ 布很厚实。/ အစောင့်အရှောက် ~ သည်။ 警戒森严。/ ~ သောမျက်ခုံးမွေး 浓眉毛 / အပင်များ ~ စွာပေါက်ရောက်ကြသည်။ 草木茂密。/ အဝတ်အစားကိုထူထူထဲထဲဝတ်ထားဘို့လိုတယ်။ 衣服要穿得厚厚的。

ထူထောင် က၊ <htu htaun> ①建设,建立: ပုံနှိပ်စက်တခု ~ လိုက်သည်။ 建一所印刷厂。/ ပြန်လည် ~ ရေး 重建 ②扶植,帮助: အရင်းအနှီး ~ ပေးသည်။ 提供资金。

ထူထိုင်း နဝ၊ <htu htain:> 迟钝

ထူထပ် နဝ၊ <htu dat> 稠密;多: ရောဂါ ~ သည်။ 多病。/ တောတောင် ~ သည်။ 山林连绵不断。/ ဖုံ ~ တယ်။ 尘土厚。/ လူဦးရေ ~ တယ်။ 人口稠密。/ အပစ်အခတ် ~ လှသောကြောင့် 因为射击十分密集……

ထူပဝင် န၊ <htu pa' win>【佛】浮屠志

ထူပါ န၊ <htu pa> 〔巴〕佛塔

ထူပါရုံ န၊ <htu pa yon> 〔巴〕佛塔

ထူပူ က၊ <htu pu> 脸发烧,难堪;不安: အဝေဖန်ခံရသောကြောင့်မျက်နှာတခုလုံး ~ သွားသည်။ 受到批评感到脸上发烧。/ ငိုကြွေးသံသည်တရပ်လုံးချောက်ချား ~ သွားစေ၏။ 哭声使四邻都感到惊恐不安。

ထူပိန်း နဝ၊ <htu bein:> ①厚实,厚墩墩: သနပ်ခါး ~ အောင်လိမ်းထားသည်။ (身上、脸上)涂了厚厚的一层黄香楝粉。/ ကိုင်းပင်များ ~ နေသည်။ 马蔺草长得很密。②笨拙: